# ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန



## ပုံစံ ဂ-၇(က)၊ အစုရှယ်ယာများ ပြန်လည်ဝယ်ယူခြင်းနှင့် စပ်လျဉ်း၍ အစုရှယ်ယာရှင် အစည်းအဝေး အကြောင်းကြားစာ

*ပုဒ်မ ၁၂၁ (ဃ)၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ( ၂၀၁၇ )*

**မှတ်ချက်**
သတ်မှတ်ပုံစံတွင် လိုအပ်သောအချက်အလက်များကို ဖြည့်စွက်ရန် နေရာလုံလောက်မှု မရှိပါက သီးခြားစာရွက်တွဲ၍ အချက်အလက်အသေးစိတ်ကို ဖော်ပြရန်။

ရုံးသုံးအတွက်သာ

## ကုမ္ပဏီအမည်

## မှတ်ပုံတင်အမှတ်

## ၁။ အထွေထွေညွှန်ကြားချက်များ

ပုဒ်မ ၁၂၁၊ မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ (၂၀၁၇) တွင် ကုမ္ပဏီတစ်ခုသည် အစုရှယ်ယာ ပြန်လည်ဝယ်ယူခြင်း လုပ်ငန်းစဉ် အဆင့်ဆင့်ကို ဆောင်ရွက်နိုင်ပြီး လိုအပ်ပါက အစုရှယ်ယာရှင်များ၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်နိုင်သည်။ အဆိုပါ ကုမ္ပဏီသည် အစည်းအဝေး တက်ရောက်သော အစုရှယ်ယာရှင်များအား အတည်ပြုရန်အတွက် ဆန္ဒမဲပေးရန် အကြောင်း ကြားရမည်။ အစည်းအဝေးအတွက် အဆိုပြု အကြောင်းကြားစာကို မှတ်ပုံတင်အရာရှိထံ ပထမဦးစွာပေးပို့ တင်ပြရမည်။

ပုဒ်မ ၁၂၁ (ဃ)၊ မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ (၂၀၁၇)

> “ အစုရှယ်ယာရှင်များထံသို့ အစည်းအဝေး အကြောင်းကြားစာအား ပေးပို့ခြင်းမပြုမီ အစုရှယ်ယာများအား ပြန်လည် ဝယ်ယူခြင်းအတွက် သဘောတူညီချက်ကို မပြုလုပ်မီ ကုမ္ပဏီသည် အောက်ပါစာရွက်စာတမ်း မိတ္တူတစ်စုံစီကို မှတ်ပုံတင် အရာရှိထံသို့ ပေးပို့တင်ပြရမည်-
>
> (၁) အစည်းအဝေး အကြောင်းကြားစာ။
>
> (၂) အစုရှယ်ယာများအား ပြန်လည်ဝယ်ယူမည့် ကမ်းလှမ်းချက်အတွက် စည်းကမ်းချက်များ သတ်မှတ် ဖော်ပြပါရှိသော စာရွက်စာတမ်းနှင့်
>
> (၃) အစုရှယ်ယာရှင်များထံသို့ ပေးပို့မည့် အစည်းအဝေး အကြောင်းကြားစာနှင့်အတူ ပူးတွဲပါရှိသည့် အစုရှယ်ယာများအား ပြန်လည် ဝယ်ယူခြင်းနှင့်သက်ဆိုင်သော စာရွက်စာတမ်းများ။
>
> ကုမ္ပဏီသည် အစည်းအဝေး အကြောင်းကြားစာနှင့် ယင်းနှင့်အတူ ပူးတွဲပါရှိသည့် စာရွက်စာတမ်းများကို မှတ်ပုံတင် အရာရှိထံ တင်ပြ ဆောင်ရွက်ပြီးဖြစ်ကြောင်းကို ဖော်ပြလျက် အစုရှယ်ယာများအား ပြန်လည် ဝယ်ယူခြင်းကို အတည်ပြုမည့် အစည်းအဝေးတစ်ရပ် ခေါ်ယူကျင်းပရန် ရည်ရွယ်သည့် အကြောင်းကြားစာကိုလည်း နိုင်ငံတော်တစ်ဝှမ်း ထုတ်ဝေ ဖြန့်ဖြူး လျက်ရှိသော နေ့စဉ်ထုတ် သတင်းစာ တစ်ခုခုတွင် ထည့်သွင်းဖော်ပြရမည်။ ”

## ၂။ အစည်းအဝေး ကျင်းပရန် အဆိုပြု အကြောင်းကြားစာ မိတ္တူပူးတွဲရန်။

## ၃။ အစုရှယ်ယာများ ပြန်လည် ဝယ်ယူမည့် ကမ်းလှမ်းချက်အတွက် စည်းကမ်းသတ်မှတ်ချက်များ သတ်မှတ်ဖော်ပြပါရှိသော စာရွက်စာတမ်း မိတ္တူပူးတွဲတင်ပြရန်။

## ၄။အစုရှယ်ယာရှင်များထံ ပေးပို့ထားသော အစည်းအဝေးအကြောင်းကြားစာ သို့မဟုတ် ကမ်းလှမ်းချက် တို့နှင့်အတူ အစုရှယ်ယာများ ပြန်လည် ဝယ်ယူခြင်းနှင့်စပ်လျဉ်းသော စာရွက်စာတမ်း (များ) မိတ္တူ ပူးတွဲတင်ပြရန်။

## ၅။ ဤပုံစံကို မှတ်ပုံတင်အရာရှိထံသို့ တင်ပြပြီးနောက် လုပ်ထုံးလုပ်နည်း

မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ ပုဒ်မ ၁၂၁ (င) တွင် မှတ်ပုံတင်အရာရှိသည် ဤပုံစံရရှိပြီး ၂၈ ရက် အတွင်း အစုရှယ်ယာရှင် များထံသို့ အစည်းအဝေး ကျင်းပရန် အကြောင်းကြားစာ ပေးပို့ခြင်းကို ဆောင်ရွက်ရန် သတ်မှတ်ရမည်။ မှတ်ပုံတင်အရာရှိမှ အကြောင်းကြားစာပေးပို့ရန် သတ်မှတ်ခဲ့လျှင် သို့မဟုတ် ယင်းကာလအတွင်း သတ်မှတ်ချက်ကို မထုတ်ပြန်လျှင် ကုမ္ပဏီသည် အစည်းအဝေး အကြောင်းကြားစာကို ပေးပို့ဆောင်ရွက်နိုင်သည့်အပြင် အစုရှယ်ယာရှင်များ၏ အတည်ပြုချက်ရရှိပါက အစုရှယ်ယာများအား ပြန်လည်ဝယ်ယူရန် ကမ်းလှမ်းချက်ကို ပြုလုပ်နိုင်သည်ဟု ပြဋ္ဌာန်းထားသည်။

ပုဒ်မ ၁၂၁ (စ) တွင် မှတ်ပုံတင်အရာရှိသည် အစုရှယ်ယာရှင်များ သို့မဟုတ် မြီရှင်များအား အကာအကွယ်ပေးရန် လိုအပ်သည်ဟု ပုဒ်မ ၁၂၁ (ဃ) အရတင်ပြသော စာရွက်စာတမ်းတစ်ရပ်ရပ်ကို ရှင်းလင်းစွာဖော်ပြရန် သို့မဟုတ် ပြောင်းလဲ ပြင်ဆင်ရန်အတွက် ကုမ္ပဏီသို့ ညွှန်ကြားနိုင်သည်ဟု ပြဋ္ဌာန်းထားသည်။

ပုဒ်မ ၁၂၁ (ဆ) တွင် ပုဒ်မ ၁၂၁ (ဂ) တွင် ပါရှိသော အချက်များကို လိုက်နာထားခြင်းမရှိကြောင်း သို့မဟုတ် အလားတူ အရေးကြီးသောအကြောင်းများကို သင့်လျော်သည့် အကြောင်းအရာအဖြစ် တွေ့ရှိရလျှင် အစုရှယ်ယာများအား ပြန်လည် ဝယ်ယူရန် ကမ်းလှမ်းချက် ပြုလုပ်ခြင်းနှင့် အစည်းအဝေး အကြောင်းကြားစာကို ကုမ္ပဏီမှ ထုတ်ဝေပေးပို့ခြင်းမပြုရန် ပုဒ်မ ၁၂၁ (င) တွင် ပါရှိသည့် အချိန်ကာလအတွင်း ချမှတ်နိုင်သည်ဟု ပြဋ္ဌာန်းထားသည်။

## ၆။ အခွင့်အာဏာ အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်မှ လက်မှတ်ရေးထိုးသည်မှာ

ဤပုံစံပါအချက်အလက်နှင့် ပူးတွဲတင်ပြသော စာရွက်စာတမ်းများသည် မှန်ကန်ကြောင်း သက်သေပြုပါသည်။

**လက်မှတ်** ____________________________________________

**အင်္ဂလိပ်ဘာသာဖြင့် အမည်အပြည့်အစုံကို ဖော်ပြရန် (မဖြစ်မနေရေးသွင်းရန်)**

ရာထူး ☐ ဒါရိုက်တာ ☐ အတွင်းရေးမှူး

## ၇။ ပေးပို့သူ

အမည်

နေရပ်လိပ်စာ

တယ်လီဖုန်း

အီးမေးလ်

## ၈။ ပူးတွဲပါစာရင်း

အောက်ပါတို့ကို ဤလျှောက်လွှာပုံစံနှင့်အတူ ပူးတွဲရမည် -

- ☐ အစုရှယ်ယာရှင်များထံသို့ အစည်းအဝေးကျင်းပရန်အကြောင်းကြားစာမိတ္တူ။
- ☐ အစုရှယ်ယာများအား ပြန်လည်ဝယ်ယူမည့်ကမ်းလှမ်းချက်အတွက် စည်းကမ်းသတ်မှတ်ချက်များ၊ သတ်မှတ်ဖော်ပြပါရှိသော စာရွက်စာတမ်း မိတ္တူ၊
- ☐ အစုရှယ်ယာရှင်များထံသို့ အကြောင်းကြားစာ သို့မဟုတ် ကမ်းလှမ်းချက်နှင့်အတူ ပူးတွဲပေးပို့မည့် နောက်ထပ် စာရွက်စာတမ်းများ မိတ္တူ။
- ☐ သတ်မှတ်ထားသည့် မှတ်ပုံတင်ကြေး။